## အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Friday—Evening Session)

Message Three

# အသင်းတော်သည် သုံးပါးတစ်ပါးဘုရား၌ ရှိခြင်း၊ ဒေသန္တရအသင်းတော်များသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ ထင်ရှားမှုများဖြစ်ခြင်းနှင့် ယုံကြည်သူများသည် ကိုယ်ခန္ဓာတော်အသိစိတ်ရှိခြင်း၌ အသင်းတော်အသက်တာကို လက်တွေ့လေ့ကျင့်ခြင်း အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ ၁သက်၊၁း၁။ ၂သက်၊၁း၁။ မ၊၁၆း၁၈။ ၁၈း၁၇။ ၁ကော၊၁း၂။ ၁၂း၁၂-၂၇

**I. အသင်းတော်သည် သုံးပါးတစ်ပါးဘုရား၌ ရှိသည် - "ခမည်းတော်ဘုရားနှင့် သခင်ယေရှုခရစ်၌ တည်ရှိသော သက်သာလောနိတ်မြို့သားတို့၏ အသင်းတော်" - ၁သက်၊၁း၁။**

A. သက်သာလောနိတ်ပထမစာစောင် ၁း၁ ၌ အသင်းတော်သည် တုနှိုင်းရာမဲ့ ဘုရားသခင်၌ရှိကြောင်း၊ ဤဘုရားသခင်သည် ကျွန်ုပ်တို့၏ခမည်းတော်နှင့် သခင်ယေရှုခရစ်ဖြစ်ကြောင်း အလွန်ကြီးမြတ်သည့် အကြောင်းရင်းမှန်ကို ဖွင့်ပြထားသည်။

1. အသင်းတော်သည် ဘုရားသခင်နှင့် ခရစ်တော်၏အသင်းတော်ဖြစ်ရုံသာမဟုတ်ပါ။ အသင်းတော်သည်လည်း ဘုရားသခင်၌၊ ခရစ်တော်၌ ရှိသည်။

2. ကျွန်ုပ်တို့၏ဒေသန္တရရှိ အသင်းတော်သည် ဘုရားသခင်၏အသင်းတော်၊ ဘုရားသခင်၌ရှိသောအသင်းတော်ဖြစ်ကာ၊ ခရစ်တော်၏အသင်းတော်၊ ခရစ်တော်၌ရှိသောအသင်းတော်ဖြစ်ကြောင်း မြင်ရန် အရေးကြီးလှပေသည်။

B. အသင်းတော်သည် လူသားဖြစ်ခြင်းများဖြင့် ပေါင်းစပ်ထားသော်လည်း၊ ထိုယုံကြည်သူများသည် သုံးပါးတစ်ပါးဘုရား၌ ရှိကြသည် - အငယ်၊၁။ ၂သက်၊၁း၁။

C. အသင်းတော်သည် ခမည်းတော်ဘုရားသခင်ဖြင့် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝနှင့်အတူ မွေးဖွားခြင်း၊ ခရစ်တော်နှင့် အသက်ဆိုင်ရာပေါင်းစည်းခြင်းအထဲသို့ ခေါ်ဆောင်ခံရခြင်း ရှိသော လူသားဖြစ်ခြင်းတစ်စုဖြစ်သည်။

1. အသင်းတော်သည် ဘုရားသခင်၌ရှိရန် ဘုရားသခင်သည် ကျွန်ုပ်တို့၏ခမည်းတော်ဖြစ်လာရမည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အသက် ဆက်နွှယ်မှု ရှိရမည်ဖြစ်သည် - ၁ယော၊၃း၁က။

   a. သက်သာလောနိတ်ပထမစာစောင် ၁း၁ ရှိ *ခမည်းတော်* ဟူသောစကားလုံးမှာ အသက်၌ ဆက်နွှယ်မှုကို ရည်ညွှန်းသည်။ ခမည်းတော်ဘုရားသခင်၌ ကျွန်ုပ်တို့သည် နောက်တစ်ဖန်မွေးဖွားခြင်း၊ အသစ်မွေးဖွားခြင်းခံရကာ၊ ယခု ကိုယ်တော်၏သားများအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အသက် ဆက်နွှယ်မှု ရှိကြပြီဖြစ်သည် - ယော၊၁း၁၂-၁၃။

   b. အသင်းတော်သည် ခမည်းတော်ဘုရားသခင်၌ ရှိခြင်းမှာ အသင်းတော်သည် ဘုရားသခင်၏ရည်ရွယ်ချက်၊ အကြံအစည်၊ ရွေးချယ်တော်မူခြင်း၊ ကြိုတင်ခွဲခန့်မှတ်သားခြင်း၌ရှိကြောင်း ရည်ညွှန်းသည် - ဧ၊၁း၄-၅။

   c. ခမည်းတော်ဘုရားသခင်၌ရှိသော အသင်းတော်သည် တုနှိုင်းရာမဲ့သော အစပြုသူနှင့် မူလအစဖြစ်သူအရှင်၌ ရှိသည့် အသင်းတော်ဖြစ်သည် - ရော၊၁၁း၃၆။ ၁ကော၊၈း၆။ မ၊၁၅း၁၃။

2. သခင်ယေရှုခရစ်၌ရှိခြင်းမှာ ကိုယ်တော်ဖြစ်ခြင်းရှိသမျှ၊ ကိုယ်တော်ပြုတော်မူသမျှအားလုံး၌ ခရစ်တော်နှင့် အသက်ဆိုင်ရာ ပေါင်းစည်းခြင်းရှိရန်ဖြစ်သည် - ၁သက်၊၁း၁။ ၁ကော၊၁း၃၀။

a. သခင်ယေရှုခရစ်၌ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအဟောင်း၏ အရာခပ်သိမ်းကို အဆုံးသတ်ခြင်းရှိသည်၊ သို့ဖြစ်၍ ခရစ်တော်၌ရှိခြင်းမှာ ကိုယ်တော်၏အသေခံခြင်း၌၊ အနုတ်လက္ခဏာအရာအားလုံးကို အဆုံးသတ်ပေးသော အသေခံခြင်း၌ ရှိခြင်းဖြစ်သည် - ရော၊၆း၄။

b. ၁သက် ၁း၁ ရှိ *ခရစ်တော်* ဟူသောဂုဏ်ပုဒ်မှာ ရှင်ပြန်ထမြောက်ခြင်း၏ ကြွယ်ဝခြင်းများအားလုံးကို ရည်ညွှန်းသည်။ ထို့ကြောင့် ခရစ်တော်၌ရှိခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ရှိခြင်းဖြစ်သည် - ရော၊၈း၁၀-၁၁။

D. အသင်းတော်သည် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် - တည်းဟူသော ခမည်းတော်နှင့် သားတော်နှင့်အတူ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာသောအရှင်၌ ရှိသည် - ၁ကော၊ ၁၅း၄၅ခ။ ယော၊၁၄း၁၇၊ ၂၃။

## II. ဒေသန္တရအသင်းတော်သည် ဒေသတစ်ခု၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ ထင်ရှားခြင်းဖြစ်သည် - ၁ကော၊၁း၂။ ၁၀း၃၂ခ၊ ၁၇။ ၁၂း၁၂-၁၃၊ ၂၀၊ ၂၇။

A. တုနှိုင်းရာမဲ့သော ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် များစွာသော ဒေသန္တရများ၌ ဘုရားဆိုင်ရာတစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် သုံးပါးတစ်ပါးဘုရားနှင့်အတူ ဘုရားဆိုင်ရာသဘောသဘာဝ၊ ဒြပ်သဘာဝ၊ အနှစ်သာရ၊ ထင်ရှားခြင်း၊ လှုပ်ရှားလုပ်ဆောင်ခြင်းနှင့် သက်သေခံချက်၌ ထင်ရှားနေခြင်းဖြစ်သည်။ အသင်းတော်များစွာ ရှိနေသော်လည်း၊ ၎င်းတို့သည် ဘုရားဆိုင်ရာ သဘောသဘာဝတစ်ခု၊ ဘုရားဆိုင်ရာဒြပ်သဘာဝတစ်ခု၊ ဘုရားဆိုင်ရာအနှစ်သာရတစ်ခု၊ ဘုရားဆိုင်ရာထင်ရှားခြင်းတစ်ခု၊ ဘုရားဆိုင်ရာလှုပ်ရှားလုပ်ဆောင်ခြင်းတစ်ခု၊ ဘုရားဆိုင်ရာသက်သေခံချက်တစ်ခုသာ ရှိသည်၊ အကြောင်းမှာ သူတို့သည် ကိုယ်ခန္ဓာတော် တစ်ကိုယ်တည်းဖြစ်သောကြောင့် ဖြစ်သည် - ဗျာ၊၁း၁၁။ ယော၊၁၇း၁၁၊ ၂၁၊ ၂၃။

B. မဿဲ ၁၆း၁၈ ၌ ဖွင့်ပြထားသည့် အသင်းတော်သည် စကြဝဠာဆိုင်ရာအသင်းတော်၊ တုနှိုင်းရာမဲ့ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ၁၈း၁၇ ရှိ ဖွင့်ပြထားသော အသင်းတော်မူကား ဒေသန္တရအသင်းတော်၊ ဒေသတစ်ခု၌ တုနှိုင်းရာမဲ့ခရစ်တော်ကိုယ်ခန္ဓာတော်၏ ထင်ရှားခြင်း ဖြစ်သည်။

C. တစ်ပါးတည်းသော စကြဝဠာဆိုင်ရာအသင်းတော် - ခရစ်တော်၏ကိုယ်ခန္ဓာတော် - သည် များစွာသော ဒေသန္တရအသင်းတော်များ - ခရစ်တော်ကိုယ်ခန္ဓာတော်၏ ဒေသန္တရထင်ရှားခြင်းများ ဖြစ်လာသည် - ရော၊၁၂း၄-၅။ ၁၆း၁၆။

D. တုနှိုင်းရာမဲ့ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဒေသန္တရအသင်းတော်များအဖြစ် များစွာသော ဒေသများ၌ ထင်ရှားနေသည် - ဧ၊၄း၄။ ဗျာ၊၁း၄၊ ၁၁။

1. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ဒေသန္တရအသင်းတော်များ၏ အရင်းအမြစ်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။
2. စကြဝဠာဆိုင်ရာကိုယ်ခန္ဓာတော်သည် အသင်းတော်များအားလုံးအဖို့ ဖခင်ကဲ့သို့ဖြစ်ပြီး၊ အသင်းတော်များအားလုံးသည် ဖခင်ထံသို့ သားသမီးများဖြစ်သကဲ့သို့ ဖြစ်သည် - ရော၊၁၂း၄-၅။ ၁၆း၄။

E. ဒေသန္တရအသင်းတော်တိုင်းသည် တုနှိုင်းရာမဲ့သော၊ စကြဝဠာဆိုင်ရာ ခရစ်တော်၏ကိုယ်ခန္ဓာတော် အစိတ်အပိုင်းဖြစ်ကာ ဤကိုယ်ခန္ဓာတော်၏ ဒေသန္တရဆိုင်ရာ ထင်ရှားခြင်းဖြစ်သည် - ဧ၊၄း၄။ ၁ကော၊၁း၂။ ၁၂း၂၇။

1. စကြဝဠာဆိုင်ရာ၌ ဒေသန္တရအသင်းတော်များအားလုံးသည် ကိုယ်ခန္ဓာတော်တစ်ကိုယ် ဖြစ်ပြီး၊ ဒေသန္တရဆိုင်ရာအရ ဒေသန္တရအသင်းတော် အသီးသီးသည် စကြဝဠာဆိုင်ရာကိုယ်ခန္ဓာတော်၏ ဒေသန္တရ ထင်ရှားခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒေသန္တရအသင်းတော်သည် ကိုယ်ခန္ဓာတော်မဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်း၊ ကိုယ်ခန္ဓာတော်၏ ထင်ရှားခြင်းသာ ဖြစ်သည်။
2. စကြဝဠာဆိုင်ရာ ခရစ်တော်သည် ကိုယ်တော်ကိုယ်တိုင်၏ အစိတ်အပိုင်းများကို ဒေသန္တရအသင်းတော် အသီးသီး၌ ရရှိထားသည်။ ဒေသန္တရအသင်းတော်အသီးသီးသည် ခရစ်တော်၏အစိတ်အပိုင်းဖြစ်ကာ၊ ဤအစိတ်အပိုင်းများအားလုံးသည် ကိုယ်ခန္ဓာတော်ကို စေ့စပ်ထုံးဖွဲ့ထားသည် - ဧ၊၁း၂၃။ ၂း၂၂။

F. အသင်းတော်၏ ဒေသန္တရအခြေပြုရာသည် အခြေခံအားဖြင့် ဒေသန္တရအသင်းတော်များ၌ လက်တွေ့လုပ်ဆောင်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တုနှိုင်းရာမဲ့သော တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည် - ၄း၄။ ၁သက်၊၁း၁။

1. စကြဝဠာဆိုင်ရာ ခရစ်တော်၏ကိုယ်ခန္ဓာတော်နှင့် ဒေသန္တရအသင်းတော်များသည် တုနှိုင်းရာမဲ့ တစ်ခုတည်းဖြစ်၏။
2. စကြဝဠာတစ်ခုလုံး၌ တုနှိုင်းရာမဲ့ကိုယ်ခန္ဓာတော် တစ်ပါးတည်းသာရှိပြီး၊ သက်ဆိုင်ရာ ဒေသတစ်ခုစီတိုင်း၌ တုနှိုင်းရာမဲ့ ဒေသန္တရအသင်းတော် တစ်ပါးစီသာရှိသည်။
3. ဤတုနှိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်းသည် အသင်းတော်အသက်တာရှိ အခြေခံကျသော ဒြပ်သဘာဝဖြစ်သည် - တ၊၁း၁၄။ ၂း၄၆။ ၁ကော၊၁း၁၀။ ဖိ၊၁း၂၇။ ၂း၁-၂။

G. မတူညီသော ဒေသများရှိ အသင်းတော်များသည် ခရစ်တော်၏ စကြဝဠာဆိုင်ရာ ထင်ရှားခြင်းအတွက် ဖြစ်သည် - ဧ၊ ၁း၂၃။ ဗျာ၊၁း၄၊ ၁၁။ ၂၂း၁၆က။

1. အရာခပ်သိမ်းကို ဒေသဆိုင်ရာဖြစ်စေသော၊ မိမိ၏ဒေသန္တရကိုသာ ထင်ရှားစေသော ဒေသန္တရအသင်းတော်သည် ဒေသန္တရဆိုင်ရာဂိုဏ်းကွဲ၊ ဒေသန္တရဆိုင်ရာ ကွဲပြားခြင်း ဖြစ်လာသည်။
2. ကိုယ်ခန္ဓာတော်အတွက် အခြေခံကျသောအရာအားလုံးမှာ ဒေသန္တရဆိုင်ရာမဟုတ်ပါ၊ - ဝိညာဉ်တော်၊ ခရစ်တော်၊ ဘုရားသခင်၊ သမ္မာကျမ်းစာ၊ တမန်တော်များ၏ သွန်သင်ခြင်း၊ တမန်တော်များ၏ မိတ်သဟာယ။

H. ကျွန်ုပ်တို့၏စဉ်းစားဆင်ခြင်မှု၌ ကိုယ်ခန္ဓာတော်သည် ပထမဖြစ်ရမည်၊ ဒေသန္တရအသင်းတော်များသည် ဒုတိယဖြစ်ရမည် - မ၊၁၆း၁၈။ ၁၈း၁၇။ ဧ၊၄း၄၊ ၁၆။ ၂း၂၁-၂၂။ ၁ကော၊၁၂း၁၂။ ၁း၂။

1. ဒေသန္တရအသင်းတော်များသည် ဘုရားသခင်က ကိုယ်တော်၏ စီမံကိန်းပန်းတိုင် ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်သို့ ရောက်ရှိစေရန် ယူဆောင်သည့် ဖြစ်စဉ်နည်းလမ်းဖြစ်သည် - ရော၊၁၆း၁၊ ၄၊ ၁၆။ ၁၂း၄-၅။
2. ကျွန်ုပ်တို့၏ ဒေသန္တရအသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာတော် အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည် - ၁ကော၊၁း၂။ ၁၀း၁၆-၁၇။ ၁၂း၁၂-၁၃၊ ၂၀၊ ၂၇။

## III. အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အသိစိတ်ရှိရန် လိုအပ်သည် - အငယ်၊၁၂-၂၇။

A. ကိုယ်ခန္ဓတော်အသက်တာ ရရှိရန် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အတွက် ခံစားမှုအပြည့်ရှိရမည်၊ ဦးခေါင်းတော်၏ ခံစားချက်ကို ကျွန်ုပ်တို့ကိုယ်ပိုင်ခံစားချက်အဖြစ် ယူဆောင်ရမည်ဖြစ်သည်-ရော၊၁၂း၁၅။ ၁ကော၊၁၂း၂၆-၂၇။ တ၊၉း၄-၅။

1. အင်္ဂါဝင်များအဖြစ် ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ဦးခေါင်းတော်၏ ခံစားချက် ရှိမည်၊ ကိုယ်ခန္ဓာတော်အတွက် ဂရုစိုက်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို ကျွန်ုပ်တို့အသိဉာဏ်၊ စဉ်းစားမှုများ၊ စကားများ၊ ပြုမူခြင်းများ၌ စည်းမျဉ်းအဖြစ် ယူဆောင်ကြလိမ့်မည်ဖြစ်သည် - ဧ၊၄း၁၅-၁၆။ ကော၊၂း၁၉။
2. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်ကာ ကျွန်ုပ်တို့ကိုယ်ကို ကိုယ်ခန္ဓာတော်ဖြင့် ပတ်သက်ဆက်နွယ်ရမည် (မ၊၁၆း၂၄။ ရော၊၁၂း၄-၅၊ ၁၅။ ၁ကော၊၁း၂။ ၁၂း၁၂-၂၇)။ ဤသို့ပြုမည်ဆိုလျှင် ကျွန်ုပ်တို့အသက်ရှင်သည့် အသက်တာသည် ကိုယ်ခန္ဓာတော်အသက်တာဖြစ်ကာ၊ သခင်ဘုရားသည် ကိုယ်ခန္ဓာတော်၏ ထင်ရှားခြင်းကို ရရှိနိုင်မည်ဖြစ်သည် - ဧ၊၄း၁၅-၁၆။ ၁း၂၂-၂၃။
3. ခရစ်တော်ကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ အသိစိတ်ဖြစ်လာစေသည် - ကော၊၂း၁၆-၁၇၊ ၁၉။

B. ကျွန်ုပ်တို့လုပ်ဆောင်သမျှတွင် ကိုယ်ခန္ဓာတော် ပါဝင်ပတ်သက်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကို လုပ်ဆောင်သည့်အခါတိုင်း ကိုယ်ခန္ဓာတော်၏ သင့်လျော်မှန်ကန်သည့် စဉ်းစားဆင်ခြင်မှုရှိရမည်ဖြစ်သည် - ၂ကော၊၈း၂၁။ ဧ၊ ၄း၁၆။

1. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို ဂရုစိုက်ခြင်းမရှိဘဲ မည်သည့်အရာကိုမျှ မလုပ်ဆောင်သင့်ပေ -၁ကော၊၁၂း၁၂-၂၇။

2. ကျွန်ုပ်တို့လုပ်ဆောင်နေသည့်အရာနှင့် ပတ်သက်၍ ကိုယ်ခန္ဓာတော်သည် မည်သို့ခံစားရမည်ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာတော်၊ ပြန်လည်ရယူခြင်းက မည်သို့ တုန့်ပြန်လာမည်ကို ဆင်ခြင်ရမည်။
3. ကျွန်ုပ်တို့ မိမိကိုယ်ကို မည်သို့ပြုမူနေသည်ဟူသည်မှာ ကိုယ်ခန္ဓာတော်ကို ကျွန်ုပ်တို့မြင်ခြင်းအဆင့် အပေါ်တွင် မူတည်နေပါသည်။
4. ကျွန်ုပ်တို့သည် မိမိတို့ဒေသန္တရအသင်းတော်ရှိ သဘောတညီတညွတ်ဖြစ်ခြင်း၌သာရှိပြီး၊ အခြားအသင်းတော်များကို ဂရုစိုက်ခြင်းမရှိလျှင်၊ ဤသို့သော သဘောတညီတညွတ်ဖြစ်ခြင်းသည် ဂိုဏ်းကွဲခြင်း၊ ကွဲပြားခြင်းတစ်ခုသာဖြစ်သည် - တ၊၁း၁၄။ ၁၅း၂၅။
5. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို ဂရုစိုက်ပြီး၊ ကိုယ်ခန္ဓာတော်အတွက် အလေးထားမည်ဆိုလျှင် မည်သည့်ပြဿနာမျှ ရှိမည်မဟုတ်ပါ - ဧ၊၄း၄၊ ၁၆။

C. ခရစ်တော်၏ စကြဝဠာဆိုင်ရာ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းကို ပေါင်းဖွဲ့ပေးသော အသင်းတော်များအားလုံးအလယ်တွင် အဖွဲ့အစည်းဆိုင်ရာတစ်ခုမျှမရှိဘဲ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယသာ ရှိသည် - တ၊၂း၄၂။ ၁ယော၊၁း၃။ ၁ကော၊၁း၉။ ၁၀း၁၆-၁၇။ ၁၁း၂၉။

1. မြေကြီးပေါ်ရှိ အသင်းတော်များအားလုံးသည် ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်ပြီး၊ ဤကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၌ ဘုရားဆိုင်ရာအသက်၏ သွေးလည်ပတ်စီးဆင်းမှု - ကိုယ်ခန္ဓာတော်၏မိတ်သဟာယရှိနေသည် - ၁ယော၊၁း၃။
2. မိတ်သဟာယသည် တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် ဆက်နွှယ်နေသည်။ ကိုယ်ခန္ဓာတော်ရှိ ဘုရားဆိုင်ရာအသက်၏ သွေးလည်ပတ်စီးဆင်းမှုသည် ကိုယ်ခန္ဓာတော်ရှိ အင်္ဂါဝင်များအားလုံးကို တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ ခေါ်ဆောင်ပေးသည် - ဧ၊၄း၃-၄။ ရော၊၁၆း၁-၂၃။
3. ဒေသန္တရအသင်းတော်များသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စကြဝဠာဆိုင်ရာ မိတ်သဟာယကို စောင့်ထိန်းရန် မြေကြီးတစ်ပြင်လုံးရှိ စစ်မှန်သော ဒေသန္တရအသင်းတော်များအားလုံးနှင့်အတူ မိတ်သဟာယဖွဲ့ခြင်း ရှိသင့်သည်။
4. အသင်းတော်၏ စီမံခန့်ခွဲခြင်းသည် ဒေသန္တရဆိုင်ရာဖြစ်သော်လည်း (တ၊၁၄း၂၃)၊ အသင်းတော်၏ မိတ်သဟာယသည် စကြဝဠာဆိုင်ရာဖြစ်သည် (၂း၄၂)။ များစွာသော မြို့များ၌ အသင်းတော်များရှိသော်လည်း၊ စကြဝဠာတစ်ခုလုံး၌ မိတ်သဟာယတစ်ခုတည်းသာ ရှိသည်။

© 2021 Living Stream Ministry